# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၇၃)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၁၁–၂–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားကျင်းပ

## ဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့ရကျောင်းသား ၂၃၀ ကို မကြာမီတွင် ပထမအကြိမ်အဖြစ် ဘွဲ့အပ်နှင်းချီးမြှင့်ပေးနိုင်တော့မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Naypyitaw State Academy (ဘွဲ့နှင်းသဘင်ခန်းမ)ဘက်စုံသုံးခန်းမဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ သို့ ☆




### အမွှေးနံ့သာရည်များ ပက်ဖျန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## လူသားချင်းစာနာထောက်ထားမှု၊ ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းများထဲတွင် ထူးခြားသည့် ဝိသေသအရည်အချင်းနှင့် အရည်အသွေးများစွာရှိသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ကလည်း ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်သည့်ဒေသများတွင် လွတ်လပ်စွာ စေတနာအလျောက် ကူညီဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပြီး ကျန်းမာရေးဝန်ကြီးဌာနမှလည်း လိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ထင်ရှားသည့် သာဓကအနေဖြင့် ၂၀၂၅ ခုနှစ် မတ်လ၌ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်တုံ့ပြန်ရေးတွင် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသာမက အခြားပြည်နယ်၊ တိုင်းဒေသကြီးများမှ ကြက်ခြေနီစေတနာလုပ်အားရှင်များကလည်း ငလျင်ဘေးသင့်ပြည်သူများထံ ချက်ချင်းသွားရောက်ကူညီပေးခြင်းကို အထင်အရှားတွေ့မြင်ခဲ့ရပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၈၈)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး၌ ပြောကြားသည်။

(၈၈)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ပါဝင်ကူညီပေးခဲ့ကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ကြက်ခြေနီလူငယ်များနှင့် ကြက်ခြေနီဝန်ထမ်းများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုချီးကျူးပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် မြေပြင်၌ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် ဘက်လိုက်မှု မရှိဘဲ မျှတစွာပေးအပ်နိုင်ရေး၊ မသက်ဆိုင်သူများထံ မရောက်ရှိစေရေး၊ နိုင်ငံတော်က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် အဖွဲ့အစည်းများထံ အကူအညီအထောက်အပံ့များ မရောက်ရှိစေရေး အလေးထားဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အရေးပေါ်ထိခိုက် ဒဏ်ရာရသူများအတွက် လူနာသယ်ပို့စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ထိရောက်ကောင်းမွန်သည့် လူနာသယ်ပို့စနစ် တစ်ခုဖြစ်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က အသင်း၏ ၂၀၂၅ ခုနှစ်အတွင်း လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး (၈၈)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အမျိုးသားအဆင့်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ၊ ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပြည်သူလူထုအကျိုးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်ကြီး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခမဲ့ထုတ်ဝေသည့် သတင်းစကားလက်ကမ်းစာစောင်ကို ယနေ့ နံနက် ၁၀ နာရီက ဖြန့်ဝေကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်ကို လူနေအိမ်များ၊ ဈေးဆိုင်ခန်းများ၊ ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများသို့သွားရောက်၍ ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးကြပြီး အဆိုပါလက်ကမ်းစာစောင်တွင် သမိုင်းဝင်ပြည်ထောင်စုစာချုပ်၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသူများ၊ ဖဆပလအဖွဲ့ကြီး၏ ပထမအကြိမ် ကွန်ဂရက်တွင် ပြောကြားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ ကဗျာများ၊ ဆောင်ပုဒ်များပါရှိကြောင်း သိရသည်။

(၃၆၈)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈လမ်း၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားတွင် ရောင်းချပေးခဲ့သည်။ (အောက်ဝဲပုံ)



သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်-မန်းလမ်း အရှေ့ဘက်တို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ နှင့် ၁၃ ရက်တို့တွင် ပြည်ထောင်စုနေ့ ရုံးပိတ်ရက်များအဖြစ် သက်သာဈေးရောင်းချမှုကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် Naypyitaw State Academy သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲတွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံး ခန်းမ)ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ) အတွင်း လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ပုံစံငယ်အား ကြည့်ရှုစဉ်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ Naypyitaw State Academy မှ ကျောင်းသူလေးများက Naypyitaw State Academy သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Academy ၏ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း Documentary အား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ မြို့တော် နေပြည်တော်တွင် ပြည်ထောင်စုအဆင့် အဆောက်အအုံများ၊ ခေတ်မီမြို့ပြနေထိုင်မှုစနစ်များ၊ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့ကဲ့သို့ အဆင့်မြင့်တက္ကသိုလ်များတည်ရှိနေမှုသည် နေပြည်တော်၏ ဂုဏ်ကျက်သရေကို တင့်တယ်ခမ်းနားစေသည့်အပြင် ခေတ်မီပညာရပ်များ သင်ကြားပို့ချရာ ပညာရေးမြို့တော်အဖြစ်လည်း ပုံဖော်ဖန်တီးပေးလျက်ရှိကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်ကို တည်ဆောက်နိုင်ရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထိုသို့သော ရည်မှန်းချက်နှင့်အညီ နိုင်ငံတကာအဆင့်မီ Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်တွင် တည်ထောင် ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုတက္ကသိုလ်ကြီးသည် ဝိဇ္ဇာ၊ သိပ္ပံ၊ စီးပွားရေး၊ ဥပဒေပညာ၊ ဆေးပညာ၊ လူမှုရေးပညာ၊ သံတမန်ရေးရာ၊ အားကစား အစရှိသည့် ဘာသာရပ် နယ်ပယ်စုံလင်စွာဖြင့် ဘက်စုံပညာများကို သင်ကြားပို့ချပေးနေသည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပညာရပ်ပေါင်းစုံလေ့လာ သင်ယူနိုင်မည့် Comprehensive University လည်းဖြစ်ကြောင်း။ စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်နှင့် ဦးမျိုးသန့်တို့ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

Naypyitaw State Academy သည် နိုင်ငံတော်၏ လူမှုစီးပွားဘဝ မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များမွေးထုတ်ပေးနိုင်မည့် ဦးဆောင်တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ **"ပညာဓေ အဓိပတိ"**ဆိုသည့် ဆောင်ပုဒ်အတိုင်း ပညာကိုအထွတ်အမြတ်ထား ဦးထိပ်ပန်ဆင်ပြီး ပညာအမွေကို လက်ဆင့်ကမ်းဖြန့်ဝေပေးနေသည့် တက္ကသိုလ်တစ်ခုလည်းဖြစ်ပါကြောင်း။

ယခင်က နေပြည်တော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များသာ ရှိခဲ့ကြောင်း၊ ယခုဆိုပါက နေပြည်တော်အပါအဝင် တစ်နိုင်ငံလုံးက ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများအနေဖြင့် ရှိပြီးသားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များမှသာမက Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့တွင် အဆင့်မြင့်ပညာများကို အဆင်ပြေ ချောမွေ့စွာ လက်လှမ်းမီ သင်ယူနိုင်ကြပြီဖြစ်ပါကြောင်း။

ယနေ့တွင် ထိုကဲ့သို့သော အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး ပညာပြည့်ဝ နှလုံးလှသည့် ဘွဲ့ရပညာတတ် နိုင်ငံ့သားကောင်း ရတနာမွန်များ မွေးထုတ်ပေးရာ Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ကို အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဘွဲ့နှင်းသဘင်ခန်းမဟူသည်မှာ ပညာသင်ယူမှုခရီးလမ်း၏ အောင်မြင်မှု မှတ်တိုင်အဖြစ် တက္ကသိုလ်ပညာရေးအဆင့်တစ်ခု ပြီးမြောက်ကြောင်း အသိအမှတ်ပြုဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ရာ ထွတ်မြတ်သည့်နေရာမွန်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခု၏ ဂုဏ်သိက္ခာကြီးမြတ်မှု၊ ပညာဂုဏ်သတင်းကျော်ဇောမှု၊ သမိုင်းအစဉ်အလာ ကောင်းမွန်မှုများကို ကမ္ဘည်းမော်ကွန်းတင်ရာ ကျက်သရေမင်္ဂလာရှိသည့် ဗိမာန်တစ်ခုလည်းဖြစ်ကြောင်း။

ယခု ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ ဒီဇိုင်းများကို မဲစနစ်ဖြင့် ကျောင်းသား ကျောင်းသူများကိုယ်တိုင် ရွေးချယ်စေခဲ့ပြီး ရွေးချယ်မှု မဲအများဆုံးရရှိသည့် ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်းသည် ယခုဘွဲ့နှင်းသဘင်ခန်းမကြီး၏ ထူးခြားချက်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော ဆောင်ရွက်မှုများမှ တစ်ဆင့် လူငယ်များ၏ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးကြရန်နှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိအောင် လေ့ကျင့်ပေးကြစေလိုကြောင်း၊ ယခုဆိုပါက ယခု ဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့ရကျောင်းသား ၂၃၀ ကို မကြာမီတွင် ပထမအကြိမ်အဖြစ် ဘွဲ့အပ်နှင်းချီးမြှင့် ပေးနိုင်တော့မည်ဖြစ်သည့် အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ အပေါ်တွင် အဓိကမူတည်ပါကြောင်း၊ လူငယ်များကို ပညာ အမြော်အမြင်ရှိအောင်၊ ယုံကြည်ချက် ခံယူချက် မှန်ကန်အောင်၊ စိတ်ဓာတ်ကောင်းမွန်ပြီး အများအကျိုး သယ်ပိုးတတ်အောင် လေ့ကျင့်ပေးနိုင်မှသာ ငြိမ်းချမ်းသာယာသည့် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အသိပညာ၊ ကျွမ်းကျင်မှု၊ ကျင့်ဝတ်တို့နှင့် ပြည့်စုံပြီး အရည်အချင်းရှိသည့် ဘွဲ့ရပညာတတ်များ အရေအတွက်များစွာ မွေးထုတ်ပေးရန်လိုကြောင်း။

ပညာဟူသည်မှာ လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် ခံယူချက်များ မြင့်မားတိုးတက်စေနိုင်သည် ဖြစ်သဖြင့် နိုင်ငံ့အတွက်အရေးပါပြီး တန်ဖိုးကြီးမားသည့် အခြေခံအရည်အချင်းဖြစ်ပါကြောင်း၊ ပညာသင်ယူမှုကတစ်ဆင့် ရရှိလာသည့် စဉ်းစားဆင်ခြင် သုံးသပ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေး ကဏ္ဍအသီးသီးတွင် များစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း။

- ဘွဲ့နှင်းသဘင်ခန်းမဟူသည်မှာ ပညာသင်ယူမှုခရီးလမ်း၏ အောင်မြင်မှု မှတ်တိုင်အဖြစ် တက္ကသိုလ်ပညာရေးအဆင့်တစ်ခု ပြီးမြောက်ကြောင်း အသိအမှတ်ပြုဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ရာ ထွတ်မြတ်သည့် နေရာမွန်ဖြစ်
- တက္ကသိုလ်တစ်ခု၏ ဂုဏ်သိက္ခာကြီးမြတ်မှု၊ ပညာဂုဏ်သတင်းကျော်ဇောမှု၊ သမိုင်းအစဉ်အလာကောင်းမွန်မှုများကို ကမ္ဘည်းမော်ကွန်းတင်ရာ ကျက်သရေမင်္ဂလာရှိသည့်ဗိမာန်တစ်ခုလည်းဖြစ်
- ယခုဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံဒီဇိုင်းများကို မဲစနစ်ဖြင့် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်ရွေးချယ်စေခဲ့ပြီး ရွေးချယ်မှု မဲအများဆုံးရရှိသည့်ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်းသည် ယခုဘွဲ့နှင်းသဘင်ခန်းမကြီး၏ ထူးခြားချက်ပင်ဖြစ်

တက္ကသိုလ်ဟူသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြု သုတေသနများအစပြု ဖော်ဆောင်ရာနေရာလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ဦးတည်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု စသည့်ကဏ္ဍများ တိုးတက် ကောင်းမွန်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေး အတွက် တက္ကသိုလ်များသည် အဓိက အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း။

ထို့ကြောင့် Naypyitaw State Academy ကို စတင်ဖွင့်လှစ်ခဲ့ချိန်မှစပြီး သုံးနှစ်ကျော်ကာလအတွင်း၌ ကျောင်းသားဗဟိုပြု သင်ကြား၊ သင်ယူမှုစနစ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ၊ ရည်ညွှန်းစာအုပ်များကို ပြည့်စုံစွာဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါရပ်များဖြင့် ပြည့်စုံအောင် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ အပန်းဖြေရိပ်သာ၊ အားကစားကွင်း၊ ဆရာ ဆရာမဆောင်များ၊ ဝန်ထမ်းအိမ်ရာများ စသည်တို့ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တက္ကသိုလ်ပရိဝုဏ် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းမန်များကိုလည်း စိုက်ပျိုးပေးထားပြီး ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို သင်ယူလေ့လာရင်း တက္ကသိုလ်ကျောင်းသားဘဝ University Life ကို အေးချမ်းပျော်ရွှင်စွာ ခံစားစေနိုင်စေရေး ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

Naypyitaw State Academy တွင် အရည်အသွေးပြည့်ဝသည့် တက္ကသိုလ် ပညာရပ်များကို ဆည်းပူးခွင့်ရစေရေး ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ ဆေးပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာန၊ အားကစားပညာ မဟာဌာန ဟူသည့် မဟာဌာနကြီး ခုနစ်ခုနှင့် ဘွဲ့ကြိုသင်တန်းများ၊ မဟာ အရည်အချင်းစစ် သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ စတင်ဖွင့်လှစ်စဉ်က အထူးပြုဘာသာရပ် ၁၂ ခုကို စတင်လက်ခံသင်ကြားခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် လူငယ်များ၏ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်ဓာတုဗေဒ၊ နျူကလီးယားရူပဗေဒ စသည့်ဘာသာရပ်များ၊ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ၊ လူမှုရေးပညာ၊ စာကြည့်တိုက်နှင့် သုတပညာ ဘာသာရပ်များ၊ ကမ္ဘာ့အလယ်တွင် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ဖော်ဆောင်ပေးနိုင်မည့် သံတမန်ရေးရာ စသည့်ဘာသာရပ်များ အပါအဝင် အထူးပြုဘာသာရပ် ၂၄ ခုအထိ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အထူးပြုဘာသာရပ်များကို တိုးချဲ့သင်ကြားရုံသာမက တက္ကသိုလ်၏ အသက်သွေးကြောဖြစ်သည့် သုတေသနများကိုလည်း ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ သုတေသနဆောင်ရွက်ခြင်းသည် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးနှင့် သုတေသန အထောက်အထား အခြေပြုမူဝါဒများ ချမှတ်ရေးတို့အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း။

Naypyitaw State Academy အနေဖြင့် ပညာရှင်များ၏ သုတေသနရပ်ဝန်း တစ်ခုအဖြစ် ဖော်ဆောင်နိုင်ရေး သုတေသနစာတမ်းဖတ်ပွဲများ၊ ကျောင်းသားလူငယ်များ၏ သုတေသနပရောဂျက်များကို အားပေးမြှင့်တင်ပေးနေသည့်အပြင် လူငယ်များ အတွေးအခေါ်မြင့်မားပြီး စွမ်းရည်ပြည့်ဝစေရန် လူငယ်စကားဝိုင်းများ၊ ပြပွဲပြိုင်ပွဲများ၊ လုပ်ငန်းခွင် လက်တွေ့လေ့လာရေး အစီအစဉ်များ၊ အလုပ်အကိုင် အခွင့်အလမ်းပြပွဲနှင့် ဆွေးနွေးပွဲများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ကျောင်းသားများကို ဘွဲ့ဒီဂရီတစ်ခုရရှိရန်အတွက်သာမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ပြည့်စုံကောင်းမွန်သည့် လူနေမှုဘဝကို တည်ဆောက်နိုင်ရေး တက္ကသိုလ်နှင့် Industry တို့၏ မိတ်ဖက်ချိတ်ဆက်မှုတစ်ခုဖြစ်ပါကြောင်း။

တက္ကသိုလ်တစ်ခု ရေရှည်တည်မြဲရေးဟူသည်မှာ စီမံခန့်ခွဲသူများ၏ မှန်ကန်ထိရောက်သည့် ဦးဆောင်မှု၊ ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝမှု၊ ကျောင်းသားများ၏ အမိတက္ကသိုလ်အပေါ် မြတ်နိုးတန်ဖိုးထားမှုနှင့် ကြိုးစားအားထုတ်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားမှုများအပေါ် အများကြီးတည်မှီနေကြောင်း၊ ထို့ကြောင့် Naypyitaw State Academy ၏ ခံ့ညားထည်ဝါသည့် ဂုဏ်သတင်းကို ထိန်းသိမ်းမြှင့်တင်ပြီး နောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာ့အဆင့်မီ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း၊

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ကျောင်းသားများကို အသိပညာ၊ အတတ်ပညာ၊ ကျင့်ဝတ်သိက္ခာ ပြည့်စုံပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသည့်၊ စိတ်ဓာတ်မြင့်မားသည့်၊ စည်းကမ်းပြည့်ဝသည့်၊ အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် နိုင်ငံကို ဦးဆောင်မည့် ဘွဲ့ရပညာတတ်များကို မွေးထုတ်ပေးကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

Naypyitaw State Academy ၏ ဘွဲ့နှင်းသဘင်ခန်းမကြီးကို ယခုကဲ့သို့ ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးနိုင်သည့် အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုဘွဲ့နှင်းသဘင်ပရိဝုဏ်မှ နှစ်စဉ်နှစ်ဆက် ပေါ်ထွက်လာကြမည့် ဘွဲ့ရမောင်မယ်များအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်မည့် လူတော်လူကောင်းများ ဖြစ်လာကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့ဘောင်ကို တည်ဆောက်နိုင်ရေး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့်၊ နှလုံးရည်ပြည့်ဝသည့် ပညာတတ်လူရည်ချွန် လူရည်မွန်များကို ယခုဘွဲ့နှင်းသဘင်ခန်းမကြီးမှ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ)ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြစဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ(ဘက်စုံသုံးခန်းမ) ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ (ဘက်စုံသုံးခန်းမ)အား လွှဲပြောင်းပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ အနုပညာဦးစီးဌာနမှ တေးသံရှင်များ၊ နိုင်ငံကျော်တေးသံရှင်များ၊ Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ သရုပ်ဖော်များ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် အလုပ်အကိုင်အခွင့်အလမ်းပြခန်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ Naypyitaw State Academy (ဘွဲ့နှင်းသဘင်ခန်းမ) ဘက်စုံသုံးခန်းမ အဆောက်အအုံကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့် အညီ တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး အလျား ၃၀၂ ပေ၊ အနံ ၂၁၈ ပေရှိကာ စုစုပေါင်းစတုရန်းပေ ၁၆၇၀၀၀ ကျော်ရှိ သုံးထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း၊ ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပနိုင်ရန်သာမက အခြားသောအခမ်းအနားများနှင့် ဖျော်ဖြေတင်ဆက်မှုများ ကျင်းပဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လူဦးရေ ၁၂၀၄ ဦးဆံ့ ဘက်စုံသုံးခန်းမကြီးအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ ယခုဘွဲ့နှင်းသဘင်ပရိဝုဏ်မှ နှစ်စဉ်နှစ်ဆက် ပေါ်ထွက်လာကြမည့် ဘွဲ့ရမောင်မယ်များအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုနိုင်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်မည့် လူတော်လူကောင်းများ ဖြစ်လာကြမည်ဟု ယုံကြည်မျှော်လင့်

❖ မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့ဘောင်ကို တည်ဆောက်နိုင်ရေး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်မည့် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့်၊ နှလုံးရည်ပြည့်ဝသည့် ပညာတတ် လူရည်ချွန် လူရည်မွန်များကို ယခုဘွဲ့နှင်းသဘင်ခန်းမကြီးမှ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေဟု ဆန္ဒပြု

## ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒိုမာတင်ကယ်လီရိုအက်စကိုစီယာနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော နီကာရာဂွါ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒို မာတင်ကယ်လီရို အက်စကို စီယာနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေး တို့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဆီဂွမ်ဒိုမာတင်ကယ်လီရိုအက်စကိုစီယာနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများအပြန်အလှန် ဖွင့်လှစ်နိုင်ရေး၊ နှစ်ဖက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေးအပါအဝင် မြန်မာ-နီကာရာဂွါ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးတို့ အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာ တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်စေရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ရှိ ပြခန်းများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အဖြစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကိုနေပြည်တော် ရင်ပြင်၌ ကျင်းပပြုလုပ်လျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက် ကြည့်ရှုအားပေးသည်။

ထိုသို့ လှည့်လည်ကြည့်ရှုရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ပြခန်း၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့ပြခန်း၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ ပြခန်းများအတွင်း MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ၏ ပြည်တွင်းပြည်ပဈေးကွက်ရရှိရေး တွေ့ဆုံဆွေးနွေးချိတ်ဆက် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ရှိ ပြခန်းများအား ကြည့်ရှုအားပေးစဉ်။

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုဝန်ကြီးဌာန ပြခန်းများနှင့် အရောင်းပြခန်း တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများကလည်းလိုက်ပါ၍ ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ရင်ပြင်၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်း ဆက်လက်ပါဝင်ပြသ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရင်ပြင်၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့်အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများတွင် တင်သွင်း၊ တင်ပို့မှုဆိုင်ရာထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ၊ လက်ကားဆိုင်များဖြစ်သည့် MaKro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME



စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေးဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက် ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

**ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့**

ပြပွဲ ဒုတိယမြောက်နေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၉၀၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လက်လီ၊ လက်ကား ၁၁ ဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၅၉ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ၁၄ ခုနှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၅၆ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင်ခုနစ်ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) တတိယနေ့တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရင်ပြင်၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသည်။



မအေးမြတ်သွယ်



ဦးစန်းကို



ဦးဇော်ထွန်းအောင်

"ပြပွဲကို သူငယ်ချင်းတွေနဲ့အတူ ဒုတိယအကြိမ် လာရောက်တာပါ။ ပြပွဲမှာရောင်းချတဲ့ ပစ္စည်းတွေရဲ့ ဈေးနှုန်းက အပြင်ကထက် ပိုပြီး သက်သာပါတယ်။ ဒါကြောင့် ကိုယ်နှစ်သက်တဲ့ ရိုးရာအစားအစာတွေ ဝယ်ဖြစ်ပါတယ်။ ဒေသအစုံက လာရောက်ပြသတဲ့ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာခွင့်ရတယ်။ ဒီမှာလေ့လာပြီး သတိထားမိတာက မြန်မာ့ထုတ်ကုန်တွေက အရင်လို သမားရိုးကျ မဟုတ်တော့ဘူး။ ဝယ်ယူသူကို ဝယ်ချင်အောင် အရည်အသွေးပိုင်း၊ ထုပ်ပိုးမှုအပိုင်း အားလုံးကို အဆင့်မြှင့်တင်လာကြတာကို တွေ့ရပါတယ်"ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ မအေးမြတ်သွယ်က ပြောသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့်အတွက် ပြပွဲတတိယနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြပွဲလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

**ပြခန်းပေါင်း ၁၂၀ ကျော်**

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသလျက်ရှိသည့် ပြခန်းပေါင်း ၁၂၀ ကျော်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ ပါဝင်သည့်အပြင် ပြည်တွင်းစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ MSME ထုတ်ကုန်များအတွက် နည်းပညာ အထောက်အကူပြုပြခန်းများလည်း ပါဝင်သည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာရက်ကန်းတွေရဲ့ အရည်အသွေးမြှင့်တင်နိုင်ဖို့ ဆိုးဆေးနဲ့ပတ်သက်တာတွေ အထောက်အပံ့ပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။ အဓိကတော့ သမားရိုးကျ လက်နဲ့ဆိုးဆေးဆိုးတာထက် အရည်အသွေးပိုကောင်းအောင်နည်းပညာနဲ့ စက်ကိရိယာအသုံးပြုနိုင်အောင်၊ လူနဲ့ပတ်ဝန်းကျင်ကို မထိခိုက်တဲ့ အရည်အသွေးကောင်းတဲ့ဆိုးဆေးတွေ သုံးအောင်၊ အသုံးပြုပြီးသား ဆိုးဆေးရည်တွေကို စနစ်တကျစွန့်ပစ်အောင် ဆောင်ရွက်နေပါတယ်။ ပထမဆုံးအကြိမ် ပါဝင်ပြသတာဖြစ်ပေမယ့် ထိရောက်မှုရှိတဲ့ ပြပွဲဖြစ်ပါတယ်။ ဒီပြပွဲကနေတစ်ဆင့် ရိုးရာချည်ထည်လုပ်ငန်းတွေ တွေ့ဆုံပြီး ဆွေးနွေးဖြစ်ကြတယ်။ အတွေ့အကြုံတွေ ဖလှယ်ကြတယ်။ ကျွန်တော်တို့လုပ်ငန်းမှာ အများစုက ဆိုးဆေးကို ပြည်ပဆိုးဆေး အသုံးပြုတာ ဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေ အဆင်ပြေအောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူတွေက လမ်းညွှန်ပူးပေါင်းပြီး ကူညီပေးစေလိုပါတယ်။ အခုပြပွဲမှာ ကျွန်တော်တို့ လုပ်ငန်းရှင်တွေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့လည်း ပွင့်ပွင့်လင်းလင်း နီးနီးနှောနှောတိုင်ပင်ခွင့်ရရှိပါတယ်။ သက်ဆိုင်ရာဌာန တာဝန်ရှိသူတွေကလည်း လိုက်လိုက်လဲလဲ ကူညီဆောင်ရွက်ပေးကြတဲ့အတွက် အားတက်ရပါတယ်။ ဒါကြောင့် တခြားလုပ်ငန်းရှင်တွေကိုလည်း လာမယ့်နှစ်မှာ ပါဝင်ပြသဖို့ အကြံပေးချင်ပါတယ်"ဟု မန်းဇေယျာအောင် ကုမ္ပဏီလီမိတက်မှ မန်းနေဂျင်းဒါရိုက်တာ ဦးမျိုးမင်းထက်က ပြောသည်။

ထိုကဲ့သို့ ပြခန်းများအလိုက် ခင်းကျင်းပြသထားသည့် ဒေသအလိုက်ထွက်ရှိသောတိုင်းရင်းသားရိုးရာအစားအစာများ၊ One Region One Product ထုတ်ကုန်များ အပါအဝင်ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာ ပြခန်းအလိုက် ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

"ကိုယ့်ဒေသက ထုတ်ကုန်တွေကို ပြည်သူတွေဆီကို တိုက်ရိုက်ရောင်းချခွင့်ရသလို တိုက်ရိုက်ထိတွေ့ပြီး ကြော်ငြာခွင့်ရတဲ့ ပြပွဲပါ။ လုပ်ငန်းရှင်တွေအတွက် အများကြီး အကျိုးပြုပါတယ်။ ဒီလိုအကျိုးကျေးဇူးတွေ ရရှိအောင်နိုင်ငံတော်အကြီးအကဲတွေက MSME လုပ်ငန်းတွေကို ဦးစားပေးအားပေးတယ်၊ မြှင့်တင်ပေးတယ်၊ အချိတ်အဆက်ပေးပြီး ဈေးကွက်ရရှိအောင် ကြိုးပမ်းပေးတဲ့အတွက် လုပ်ငန်းရှင်တွေကလည်း ပြပွဲကို အားတက်သရော ပူးပေါင်းပါဝင်ကြတယ်။ ပြခန်းမှာ ဒေသထွက် ကုန်ကြမ်းအရင်းအမြစ်တွေကို ကုန်ချောအဖြစ် ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို ခင်းကျင်းပြသထားတယ်။ ဒေသအရင်းအမြစ် ဆန်စပါး၊ ရော်ဘာ၊ ကော်ဖီ၊ OROP ထုတ်ကုန်တွေ၊ အိမ်တွင်းလုပ်ငန်းတွေက ထုတ်လုပ်တဲ့ ဒေသအစားအသောက်တွေ၊ သစ်မွှေးနဲ့ စက်မှုထုတ်ကုန်ပစ္စည်းတွေ၊ ပြည်နယ်စက်မှုဇုန်မှာ တပ်ဆင်ပြီး မြန်မာတစ်နိုင်ငံလုံး တပ်ဆင်ဖြန့်ဝေနေတဲ့ BAJA အမှတ်တံဆိပ် သုံးဘီးနဲ့မော်တော်ယာဉ်တွေ၊ အော်ဂဲနစ်မြေဩဇာနဲ့ ဥစားကြက်တွေအတွက် ကယ်ဆီယမ် အားဖြည့်ကြက်စာတွေလည်း ပါဝင်ပြသထားပါတယ်။ ဒါ့အပြင် တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမယ့်အပြင် ကရင်ပြည်နယ်ရဲ့ တောတောင်ရေမြေ သဘာဝ အလှအပကိုလည်း တစ်ခါတည်း ပေါင်းပြီး ပြသထားပါတယ်။ ဒါကြောင့် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ကရင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းကိုက ပြောကြားသည်။

ယနေ့တွင် ပြပွဲလာပရိသတ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းဆိုင်များရှိ ဒေသအလိုက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက် ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာ ဝတ်စုံများကို နှစ်သက်စွာ ဝယ်ယူအားပေးခဲ့ကြပြီး ပြခန်းများနှင့် အရောင်းဆိုင်များတွင် ဝယ်ယူအားပေးသူပြည်သူများဖြင့် စည်ကားနေသည်။

"ကျွန်တော်တို့ ပြခန်းမှာ ပြသရောင်းချတဲ့ မကွေးဒေသထွက်ပစ္စည်းတွေကို လူကြိုက်များတယ်။ ဒေသအစားအစာတွေကို အားပေးကြတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြခန်းမှာ စားသောက်ကုန်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ လယ်ယာသုံးစက်ကိရိယာတွေ ပါပါတယ်။ ပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးကနေ ပြည်ပကိုတင်ပို့နေတဲ့ သနပ်စင်ပြီးနှမ်း၊ နှမ်းလှော်မှုန့်၊ အခွံချွတ်နှမ်း၊ ချည်ထည်ပစ္စည်း၊ ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည် စတာတွေလည်း ပါပါတယ်။ လုပ်ငန်းရှင်တွေအတွက် ပြည်တွင်းဈေးကွက်ကနေ ပြည်ပဈေးကွက်ကို တက်လှမ်းပြီး နိုင်ငံကို အကျိုးပြုနိုင်ဖို့ ဒီပြပွဲက အများကြီး အထောက်အကူ ပြုပါတယ်။ ဒါကြောင့် ပါဝင်ပြသကြတဲ့ လုပ်ငန်းရှင်တွေက တက်တက်ကြွကြွရှိကြတယ်။ MSME လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေအကြား B2B Business Matching ကဏ္ဍတွေမှာ ချေးငွေရရှိမှုအပိုင်းတွေ၊ ဈေးကွက်ရရှိမှု အပိုင်းတွေမှာ အဆင်ပြေချောမွေ့အောင် ဒီပြပွဲကနေ ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ ဒီလိုပြပွဲတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးပါလို့ပြောလိုပါတယ်"ဟု မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ပြခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က ပြောသည်။

ပြပွဲလာပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ညပိုင်းတွင် နိုင်ငံကျော် အနုပညာရှင်များက ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပေးသည့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ပထမနေ့၊ ဒုတိယနေ့နှင့် တတိယနေ့ သုံးရက်တာအတွင်း ပြခန်းများနှင့် အရောင်းဆိုင်များမှ ကျပ်သန်းပေါင်း ၁၀၀၀၀ ကျော် ရောင်းချခဲ့ရပြီး ယနေ့ပြပွဲ တတိယနေ့သို့ လာရောက်ကြည့်ရှု လေ့လာကြသည့်ပြည်သူ တစ်သိန်းရှစ်ထောင်ကျော်ရှိကြောင်း သိရသည်။

သတင်း - အောင်မင်းဟန်
ကျော်စွာဝင်း
ဓာတ်ပုံ - အောင်မင်းထွန်း



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) တတိယနေ့တွင် ခင်းကျင်းပြသထားမှုများအား ကြည့်ရှုလေ့လာနေကြသူများကို တွေ့ရစဉ်။

# (၃၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပ









**မန္တလေး ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် (၃၇)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ဆရာတော်ကြီး ၁၁ ပါးနှင့် စာအောင် သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်ကြီး၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နာယူကြည်ညို၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သည့် ဓမ္မာစရိယစာမေးပွဲ၌ ဝင်ရောက်ဖြေဆိုသည့် ပုဂ္ဂိုလ်(၁၇၇၅၈)ပါးအနက် ကျမ်းရင်းသုံးကျမ်းအောင် သာသနဓဇဓမ္မာစရိယဘွဲ့ရ (၁၁၅၁)ပါး၊ ကျမ်းရင်းနှစ်ကျမ်းအောင်(၁၁၁၅)ပါး၊ ကျမ်းရင်းတစ်ကျမ်းအောင်(၁၂၈၉)ပါး၊ မြန်မာဂုဏ်ထူးအောင်(၁၃)ပါးနှင့် ပါဠိဂုဏ်ထူးအောင်(၁)ပါး၊ ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုသည့်ပုဂ္ဂိုလ်(၄၆၄၁၄)ပါးရှိ၍ အောင်မြင်သည့် ပုဂ္ဂိုလ်ပေါင်း(၁၄၃၄၈)ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် ဖြေဆိုသည့် ပုဂ္ဂိုလ်(၁၇၈၃၇)ဦးရှိ၍ အောင်မြင်သည့်ပုဂ္ဂိုလ်(၁၄၃၃၆)ဦးရှိသည်ကို တွေ့ရှိရသဖြင့် ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံအတွက်လည်းကောင်း၊ ပရိယတ္တိသာသနာတော်အတွက်လည်းကောင်း အားတက်ဂုဏ်ယူမိပါကြောင်း၊ မြတ်စွာဘုရားရှင် သာသနာတော်ကြီး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရန် ပဓာနအားဖြင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်များက ဆောင်ရွက်တော်မူကြသကဲ့သို့ တပည့်တော်တို့ နိုင်ငံတော်အစိုးရနှင့်တကွ ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း ဆရာတော်၊



သံဃာတော် အရှင်သူမြတ်တို့၏ ပရိယတ္တိသာသနာပြု အားထုတ်မှု၌ ပစ္စည်းလေးပါးဆက်ကပ်ပူဇော်ခြင်းဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း လျှောက်ထားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ၁၃၈၆ ခုနှစ်(၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် ဓမ္မာစရိယအထူးအောင်(၄)ပါး၊ ပါဠိဂုဏ်ထူးအောင်(၁)ပါး၊ ပါဠိပထမပြန်အထူးအောင်(၁၆)ပါးတို့အား ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်အပ်နှင်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးထံက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။

၄င်းနောက် ဓမ္မာစရိယ မြန်မာဂုဏ်ထူးအောင်(၁၃)ပါး၊ ဓမ္မာစရိယ ရိုးရိုးအောင်(၁၁၄၇)ပါး/ဦး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် (လူပုဂ္ဂိုလ်) ၉ ဦးတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘွဲ့လက်မှတ်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က စာအောင်ပုဂ္ဂိုလ်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း-စာမျက်နှာ ၈





## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ လွန်ဆွဲပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ လွန်ဆွဲပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းတွင် ဗိုလ်လုလွန်ဆွဲပြိုင်ပွဲများကို ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ နည်းပြများနှင့် အားကစားသမားများ၊ ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။



လွန်ဆွဲပြိုင်ပွဲများကိုကျင်းပရာ တတိယနေ့ရာလုပွဲတွင် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တိုင်းဒေသကြီးပညာရေးမှူးရုံးအသင်းက တတိယဆုကိုလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းနှင့် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)အသင်းက ပထမဆုကိုလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းက ဒုတိယဆုရရှိခဲ့ကြသည်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဌာနပေါင်းစုံလွန်ဆွဲပြိုင်ပွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)အသင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးအသင်းနှင့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)





## အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**မန္တလေး ဖေဖော်ဝါရီ ၁၀**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်း၊ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးနှင့်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင် ယနေ့နံနက်ပိုင်းက လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိသူများသို့ အကျိုးခံစားခွင့်ငွေများထုတ်ပေးခြင်း အခမ်းအနားကို ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ထုတ်ပေးရာတွင် ပြင်ဦးလွင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှ လုပ်ငန်းခွင်ထိခိုက် သေဆုံးသွားသော အာမခံအလုပ်သမား ဦးသန်းနိုင်ထူး(အထွေထွေလုပ်သား)၏ ကျန်ရစ်သူအကျိုးခံစားခွင့်ငွေများ ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင်ပြုလုပ်ရာ သေဆုံးသွားသူ၏ ကျန်ရစ်သူအကျိုးခံစားခွင့် အဆ (၅၀)၊ (ငွေလုံးငွေရင်း) ခွင့်ပြုငွေကျပ်(၉၁၂၅၀၀၀)နှင့် နာရေးစရိတ်ငွေကျပ်(၉၁၂၅၀၀)တို့အား တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်နွယ်ဝင်းက ပေးအပ်ခဲ့ရာ ကျန်ရစ်သူမိသားစုများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ ထုပ်စည်းတိုးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနပေါင်းစုံ ထုပ်စည်းတိုးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းတွင် ဗိုလ်လုပြိုင်ပွဲများကို ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ နည်းပြများနှင့်အားကစားသမားများ၊ ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၈ ရက်နေ့ကစတင်၍ အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားခဲ့ကြရာ ယနေ့ဗိုလ်လုပွဲတွင် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ပထမဆုကိုလည်းကောင်း၊ လူငယ်ရေးရာဦးစီးဌာနအသင်းက ဒုတိယဆုကိုလည်းကောင်း၊ တတိယနေရာလုပွဲကိုကျင်းပရာ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)အသင်းနှင့် အောင်မြေသာစံမြို့နယ် ပညာရေးမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အသင်းက တတိယဆုကိုလည်းကောင်း အသီးသီးဆုများရရှိခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ဌာနပေါင်းစုံထုပ်စည်းတိုးပြိုင်ပွဲတွင် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနအသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)အသင်း၊ လူငယ်ရေးရာဦးစီးဌာနအသင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မန္တလေးတိုင်းဒေသကြီးရုံး)အသင်း၊ အောင်မြေသာစံမြို့နယ် ပညာရေးမှူးရုံးအသင်း၊ ချမ်းမြသာစည်မြို့နယ် ပညာရေးမှူးရုံးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



## မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**ဟိုပုံး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ မြို့မဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက ဟိုပုံးမြို့၊ မြို့မဈေးတွင် ပြုလုပ်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် လက်တွေ့မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသဆောင်ရွက်ခြင်းနှင့် အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးကျော်မိုးနိုင်က မီးသတ်ဆေးဘူးများထားရှိရေး၊ ဆေးဘူးများကို စနစ်တကျ အသုံးပြုတတ်စေရေး၊ အခြေခံမီးသဘောတရားများ၊ မီးလောင်ခြင်း အမျိုးမျိုး၊ ကြိုတင်ကာကွယ်ရမည့် ပစ္စည်းများထားရှိရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျကြိုတင်ဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးအတန်းအစားများအားရှင်းလင်းခြင်း၊ မီးငြိမ်းသတ်နည်း (၄)နည်းတို့ကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက ဈေးသူ၊ ဈေးသားများအား အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးဦးဆောင်သောတပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်မှုကို ရေစိုအဝတ်ဖြင့် လက်တွေ့သရုပ်ပြခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ လက်တွေ့သရုပ်ပြသဆောင်ရွက်နေမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးဉာဏ်လင်းမောင်တို့က ကြည့်ရှုအားပေးပြီးနောက် မြို့မဈေးနှင့် ဈေးဆိုင်များတွင် ထားရှိရမည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးများထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပွင့်လင်းရာသီတွင် ဟိုပုံးမြို့နယ်၌ မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေး၊ မီးလောင်မှုဖြစ်ပေါ်လာပါက မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းငြိမ်းသတ်နည်းအတွက် ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများနှင့်အတူ အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

Daisy

## မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး Talk Show ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး Talk Show ကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေး Talk Show တွင် မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်နှင့် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုတို့က မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများ၊ မီးခိုးမြူငွေ့တွင် ပါဝင်သော လေထုညစ်ညမ်းစေသည့်အရာများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လူများ၏ ကျန်းမာရေးထိခိုက်မှုနှင့် အခြားသောဆိုးကျိုးသက်ရောက်မှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် သက်ရောက်မှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို လျှော့ချနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)




## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ ဘိန်းစိုက်ခင်း စုစုပေါင်း ၂၄၂ ဒသမ ၅ ဧကခန့်အား ဖေဖော်ဝါရီ ၆ ရက်က ဖျက်ဆီးရှင်းလင်းခဲ့သည်။


ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီအထိ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ နောင်ဟိုင်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ဧက ၆၀ ခန့်အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ ၁၀ မိနစ်မှ ညနေ ၄ နာရီအထိ နမ့်စန်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က နမ့်စန်မြို့နယ်၊ တွန်ကျိုင်းကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၄၁ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၃ နာရီခွဲအထိ ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့နယ်၊ ယန်မတ်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်နှင့် ဝမ်ကြုံးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်တို့အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ မိနစ် ၄၀ မှ မွန်းလွဲ ၁ နာရီအထိ မိုင်းခတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းခတ်မြို့နယ်၊ အင်လုံကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၉ ဒသမ ၅ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၈ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီ မိနစ် ၅၀ အထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ထီနဲ့ကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၄၂ ဧကခန့်အား လည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ဘန့်ပလန့်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၇ ဧကခန့်အားလည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ ၁၁ နာရီ မိနစ် ၄၀ အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လုံပေါးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၄ ဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၁၁ နာရီ ၂၅ မိနစ်မှ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်အထိ ကွန်ဟိန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ကွန်ဟိန်းမြို့နယ်၊ ဝမ်မိုင်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၄၂ ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ညောင်ရွှေမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးကျေးရွာနေ အောင်ကျော်အေးဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃,၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၀ နာရီခွဲတွင် စိုင်းလင်းအောင်အား ညောင်ရွှေမြို့နယ်၊ တောင်ပို့ကြီးကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြား ၄,၀၀၀ ၊ မော်တော်ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်အေး(၃၂)နှစ်နှင့် စိုင်းလင်းအောင်(၂၆)နှစ်ဆိုသူတို့အား ညောင်ရွှေမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ခဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၆ ရက် နံနက် ၅ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ဆားတောင်ကျေးရွာ၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊မိုင်တိုင်အမှတ် ၂၈၄ မိုင် ၇ ဖာလုံအနီး၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ပျော်ဘွယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရမည်းသင်းမြို့မှ ပျော်ဘွယ်မြို့သို့ တပ်ကုန်းမြို့နယ်၊ ရွေးစုကျေးရွာနေ မျိုးသန့်(၃၅)နှစ်ဆိုသူ မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်ယုယုခိုင်(၄၃)နှစ်နှင့် တစ်ရွာတည်းနေ ဒေါ်တင်ဇာဦး(၄၂)နှစ်ဆိုသူတို့ လိုက်ပါလာသည့် HIGO သုံးဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းယာဘက်ဘေးတွင် ရပ်တန့်ထားသော ဆားလင်းကြီးမြို့နယ်၊ ဖောင်းကားကျေးရွာနေ ရန်ပိုင်ထွန်း(၃၉)နှစ်ဆိုသူ မောင်းနှင်သည့် NISSAN TRUCK ၁၀ ဘီးယာဉ်အား နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်ယုယုခိုင်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး မျိုးသန့်နှင့် ဒေါ်တင်ဇာဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် မျိုးသန့်နှင့် ရန်ပိုင်ထွန်းဆိုသူ နှစ်ဦးအား ပျော်ဘွယ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ကွန်ဟိန်းမြို့နယ်တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က ကွန်ဟိန်းမြို့နယ်၊ တာကော်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ကာလိမြို့ဘက်မှ တာချီလိတ်မြို့ဘက်သို့ စိုင်းထွန်းကျော်(ခ)စိုင်းပီးဆိုသူ မောင်းနှင်လာသည့် TOYOTA HIACE အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၉,၅၀၀၊ အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် နှစ်ကီလို၊ ကက်တမင်းအလေးချိန် ၇၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းထွန်းကျော်(ခ)စိုင်းပီး(၃၃)နှစ်ဆိုသူအား ကာလိနယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*




## 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

အမေရိကန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Dow Tennis Classic တင်းနစ် ပြိုင်ပွဲ လာမည့် ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်မှ ၂၃ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Dow Tennis Classic တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**(အောက်ပုံ)** Dow Tennis Classic တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကနေဒါတင်းနစ်မယ် Rebecca Marino ဖြစ်သည်။

**(NGB)**



## ပါဘလိုဘာရီယို့စ် ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၀**

အက်သလက်တီကိုမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ပါဘလိုဘာရီယို့စ်သည် ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းက ဘက်တစ်အသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ပါဘလိုဘာရီယို့စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပါဘလိုဘာရီယို့စ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၇ ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကာဗာဂျယ် ထွက်ခွာသွားမည်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၀**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ကာဗာဂျယ်သည် လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ကာဗာဂျယ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၃-၂၀၁၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃၈ ပွဲကစားပြီး ၁၄ ဂိုးအထိ သွင်းယူထားသည်။

ထို့ကြောင့် နောက်ခံကစားသမား ကာဗာဂျယ်အနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## တိုင်လာမော်တန်အား ခေါ်ယူရန် နယူးကာဆယ်အသင်းစီစဉ်



**လန်ဒန် ဖေဖော်ဝါရီ ၁၀**

နယူးကာဆယ်အသင်းသည် လိုင်ယွန်အသင်း ကွင်းလယ်ကစားသမား တိုင်လာမော်တန်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လိုင်ယွန်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၉ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာ ဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လိုင်ယွန်အသင်းထံမှ တိုင်လာမော်တန်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

## သောမတ်စ်ဖရန့်ခ် စပါးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၀**



စပါးအသင်းသည် လက်ရှိအချိန်တွင် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ သောမတ်စ်ဖရန့်ခ်အား နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၅ ပွဲ ကစားအပြီးတွင် ရမှတ် ၂၉ မှတ်ဖြင့် အဆင့်(၁၅)နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ သောမတ်စ်ဖရန့်ခ်အား ရာထူးမှ ထုတ်ပယ်သွားရန် စဉ်းစားလာခြင်းဖြစ်သည်။

နည်းပြ သောမတ်စ်ဖရန့်ခ်သည် စပါးအသင်းကို ၂၀၂၅ ခုနှစ်၊ ဇွန် ၁၂ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၃၇ပွဲတွင် ၁၃ပွဲနိုင်၊ ၁၁ပွဲသရေ၊ ၁၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ သောမတ်စ်ဖရန့်ခ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း စပါးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* နာပိုလီအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော တောင်ပံကစားသမား စတာလင်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* ဘာစီလိုနာအသင်းသည် အသင်းတိုက်စစ်မှူး လီဝန်ဒေါစကီးအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

* ဘိုင်ယန်မြူးနစ်အသင်းသည် မန်ယူအသင်း နောက်ခံကစားသမား ဒါလော့အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

**(NGB)**

## ဖီလစ်ကိုစတစ်အား စာချုပ်သက်တမ်းတိုးရန် ဂျူဗင်တပ်အသင်း စီစဉ်

**တူရင် ဖေဖော်ဝါရီ ၁၀**

ဂျူဗင်တပ်အသင်းသည် အသင်းနောက်ခံကစားသမား ဖီလစ်ကိုစတစ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၆ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် "ဖီလစ်ကိုစတစ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**



### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၂-၂-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၃)ဗီလာ - ဘရိုက်တန်(၁၄)<br>(W,W,W,L,D) (W,D,L,D,L) | ဗီလာ ၀-၃ ဘရိုက်တန်<br>ဘရိုက်တန် ၂-၂ ဗီလာ |
| ။ | (၁၃)ပဲလေ့စ် - ဘန်လေ(၁၉)<br>(L,L,L,D,W) (W,D,D,L,L) | ပဲလေ့စ် ၃-၀ ဘန်လေ<br>ဘန်လေ ၀-၂ ပဲလေ့စ် |
| ။ | (၂)မန်စီးတီး - ဖူလ်ဟမ်(၁၀)<br>(W,W,D,W,W) (W,L,W,L,L) | မန်စီးတီး ၃-၂ ဖူလ်ဟမ်<br>ဖူလ်ဟမ် ၀-၂ မန်စီးတီး |
| ။ | (၁၇)နော့တင်ဟမ် - ဝုဗ်(၂၀)<br>(L,W,W,D,L) (W,D,L,L,L) | နော့တင်ဟမ် ၁-၁ ဝုဗ်<br>ဝုဗ် ၀-၃ နော့တင်ဟမ် |
| ၁၂-၂-၂၀၂၆<br>နံနက်၀၂:၄၅ နာရီ | (၉)ဆန်းဒါးလန်း - လီဗာပူး(၆)<br>(W,W,L,W,L) (W,L,W,W,L) | ဆန်းဒါးလန်း ၂-၂ လီဗာပူး<br>လီဗာပူး ၂-၀ ဆန်းဒါးလန်း |

### စပိန် ကိုပါဒယ်ရေးဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၂-၂-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | ဘီလ်ဘာအို - ဆိုစီဒက်<br>(လာလီဂါ-၁၀) (လာလီဂါ-၈) | ဘီလ်ဘာအို ၁-၁ ဆိုစီဒက်<br>ဆိုစီဒက် ၃-၂ ဘီလ်ဘာအို |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၂-၂-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁၈)ချာလ်တန် - စတုတ်စီးတီး(၁၃)<br>(L,D,L,L,L) (L,W,D,W,W) | ချာလ်တန် ၃-၁ စတုတ်စီးတီး<br>စတုတ်စီးတီး ၃-၁ ချာလ်တန် |

### ဂျာမန် ပိုကယ်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၂-၂-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | ဘိုင်ယန်မြူးနစ် - လိုက်ပဇစ်<br>(ဘွန်ဒက်လီဂါ-၁) (ဘွန်ဒက်လီဂါ-၄) | ဘိုင်ယန်မြူးနစ် ၆-၀ လိုက်ပဇစ်<br>လိုက်ပဇစ် ၁-၅ ဘိုင်ယန်မြူးနစ် |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၂-၂-၂၀၂၆<br>နံနက် ၀၂:၃၀နာရီ | ဘိုလော့ဂ်နာ - လာဇီယို<br>(စီးရီးအေ-၁၀) (စီးရီးအေ-၈) | ဘိုလော့ဂ်နာ ၅-၀ လာဇီယို<br>လာဇီယို ၁-၁ ဘိုလော့ဂ်နာ |

# ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ခင်းကျင်းပြသထားသည်များအား ပြည်သူများ ဝင်ရောက်လေ့လာနိုင်



**ပုဂံ ဖေဖော်ဝါရီ ၁၀**

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို ၁၉၀၄ ခုနှစ်တွင် ပုဂံမြို့ဟောင်း အာနန္ဒာဘုရား၏ မြောက်ဘက်စောင်းတန်းအနီးတွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသောပြတိုက်ဖြစ်သည်။ ၁၉၇၉ ခုနှစ်၊ အောက်တိုဘာလတွင် ကန်တော့ပလ္လင် ဘုရားတောင်ဘက်၌ ရှစ်မြှောင့်ပုံသဏ္ဌာန်ရှိသော ရှေးဟောင်းသုတေသနပြတိုက်ကို ထပ်မံတည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ယခုလက်ရှိ ကမ္ဘာ့အဆင့်မီ ရှေးဟောင်းသုတေသနပြတိုက်ကြီးကို ၁၉၉၈ ခုနှစ်၊ ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်ပြသနိုင်ခဲ့သည်။ ပြတိုက်ကြီးတွင် အထူးပင်မပြခန်း၊ ပုဂံခေတ်ဗိသုကာပြခန်း၊ ပုဂံခေတ်လက်မှု အနုပညာပြခန်း၊ ပုဂံခေတ်နန်းမြို့ပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်း၊ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်း၊ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်းနှင့် ပုဂံခေတ် နံရံဆေးရေးပန်းချီပြခန်းစသည့် ပြခန်း(၁၀)ခန်းဖြင့် ခင်းကျင်း ပြသထားသည်။ ၂၀၁၇ ခုနှစ်တွင် ကလေးများပြတိုက်ကို ပြတိုက်ကြီး၏ မြောက်ဘက်ရှိ ရှစ်မြှောင့်ပုံသဏ္ဌာန်အဆောက်အအုံ၌ ခင်းကျင်းပြသထားခဲ့သည်။ (ဝဲပုံ)

အထူးပင်မပြခန်းတွင် ကြီးမားသော သုံးဖက်မြင် ပုဂံရှုခင်းပုံ နံရံပန်းချီကားချပ်၊ သဲကျောက်ဖြင့် ထုဆစ်ထားသော ဗုဒ္ဓဝင်ရှစ်ခန်းနှင့် ပုဂံခေတ်တွင် ထင်ရှားကျော်ကြားသော မင်းလေးပါးတို့၏ ကြေးရုပ်တုများကို ပြသထားသည်။ အမိုးမျက်နှာကြက်အား ရွှေဇဝါယွန်း၊ ရွှေချည်ထိုး၊ သစ်ကပ်ပန်း၊ သစ်သားပန်းပုနှင့် အင်္ဂတေပန်းစသည့် မြန်မာ့အနုပညာလက်ရာများဖြင့် တန်ဆာဆင်ထားသည်ကို လေ့လာကြည့်ရှုနိုင်သည်။ ဗုဒ္ဓဝင်ရှစ်ခန်းတွင် မယ်တော်မာယာဖွားတော်မူခန်း၊ ဇောဓိပင်ရင်း၌ ဘုရားပွင့်တော်မူခန်း၊ ဗုဒ္ဓဓမ္မစကြာတရားဦးဟောတော်မူခန်း၊ ဗုဒ္ဓနာဠာဂီရိဆင်မိုက်ကြီးကို ချွတ်ခန်း၊ ဗုဒ္ဓတာဝတိံသာနတ်ပြည်မှ ဆင်းတော်မူခန်း၊ ဗုဒ္ဓသည် ဆွေမျိုးတော် သာကီဝင်မင်းတို့အား တန်ခိုးပြာဋိဟာ ပြတော်မူခန်း၊ ဗုဒ္ဓပါလိလေယျတော၌ စံတော်မူခန်း၊ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခန်းတို့ ပြသထားသည်ကို လေ့လာနိုင်ကြောင်း သိရသည်။ (၄၈၁)

# ဇေယျာသီရိမြို့နယ်၊ အင်ပင်ခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်အေးကျေးရွာအုပ်စု၊ အင်ပင်ခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းစက်ဝန်းကာလ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်ပင်ခုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၃၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၁၄ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၇ သိန်းကို တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) နေဘုန်း**



# မန္တလေး လူငယ်သင်တန်းကျောင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ အမျိုးသမီးဖွံ့ဖြိုးရေးသင်တန်းဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူးဆောင်ရွက်သော အမျိုးသမီးဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲကို အောင်မြေသာစံမြို့နယ်၊ ၁၂လမ်း၊ ၇၃လမ်းထောင့်ရှိ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးလူငယ်သင်တန်းကျောင်းခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချသည်။ ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူးက "ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၏ အရေးပါမှု"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်စံပယ်က "ဗလငါးတန်ဖွံ့ဖြိုးရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းက "ကျား၊ မ တန်းတူညီမျှမှုရှိစေရေးနှင့် အမျိုးသမီးများ ကဏ္ဍတိုးမြှင့်ရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်စန်းစန်းအေးက "အားကစားမှသည် ကျန်းမာသော လူနေမှုဘဝဆီသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ပို့ချပေးခဲ့သည်။



အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းပို့ချအပြီးတွင် မေးခွန်းများ အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ (ဝဲပုံ)

(၀၉၃)

# မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး စိုက်ဧက ၈၀၀ စိုက်ပျိုးသွားမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ဧက ၈၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ခုနှစ် မိတ္ထီလာမြို့နယ်တွင် နွေစပါးစိုက်ပျိုးရန် စိုက်ဧက ၁၀၉၀ လျာထားသတ်မှတ်ထားပြီး စိုက်ပျိုးရန် သတ်မှတ်လျာထားသည့် စိုက်ဧကများအနက် နွေစပါးစိုက်ဧက ၈၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးသွားမည်ဖြစ်သည်။ ယင်းသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရာတွင် သက်ဆိုင်ရာဌာနများက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နွေစပါးစိုက်ဧက တစ်ဧကလျှင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် နှစ်သိန်းငါးသောင်းအား အကျိုးတူကုမ္ပဏီအား ပေးအပ်၍ ၎င်းကုမ္ပဏီမှ နွေစပါးစိုက် တောင်သူများအား ငွေကျပ် နှစ်သိန်းငါးသောင်း တန်ဖိုးနှင့် ညီမျှသည့် စပါးမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကို ပေးအပ်သွားမည်ဖြစ်သည်။ အဆိုပါ ပေးအပ်သည့်ကုမ္ပဏီအား ငွေကျပ် နှစ်သိန်းငါးသောင်းနှင့် ညီမျှသည့် နွေစပါးများကို ကာလပေါက်ဈေးနှုန်းဖြင့် ပြန်လည်ပေးအပ်ရမည် ဖြစ်သည်။

မိတ္ထီလာမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကန်ထရိုက်လယ်ယာစနစ်ကို ထမုန်ကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၉၀၊ ညောင်ကိုင်ကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ခင်လူးကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ညောင်ကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ကန်သာကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ လျှော်ဖြူကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၆၀၊ ကဖြူကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀ နှင့် မြာကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ရာ ၎င်းစိုက်ပျိုးဧကများတွင် GW-11၊ မော်ဘီကောက်ညှင်း၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ ရေဆင်းပေါ်ဆန်းနှင့် မနောသုခမျိုးစပါးများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၆၉)



# သမဝါယမအသင်းစုမှ နှမ်းရိုး အခြေခံသဘာဝမြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြ

**မကွေး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများအား နှမ်းရိုးအခြေခံသဘာဝမြေဩဇာထုတ်လုပ်မှုနှင့် EM(Effective Microorganism) ပြုလုပ်နည်း လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မကွေးမြို့နယ် သမဝါယမအသင်းစုရုံးဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်မင်းက နှမ်းရိုးအခြေခံသဘာဝမြေဩဇာထုတ်လုပ်မှု EMဖော်စပ်နည်း၊ အသုံးပြုမည့်အချိန်၊ အသင့်သုံး EM အဖြစ်ပြုလုပ်နည်း၊ အသင့်သုံး EM ဖြင့် နှမ်းရိုးသဘာဝမြေဩဇာပြုလုပ်နည်း၊ သီးနှံပင်များအတွက် EM အသုံးပြုနိုင်သည့်နည်း၊ နှမ်းရိုးသဘာဝမြေဩဇာအသုံးပြုပုံနှင့် အကျိုးရှိမှုတို့ကို ဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်မင်း(မြန်/ဆက်)**





## အကြိမ်(၂၁၀)မြောက် ဆွမ်းလောင်းလှူ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း၆၀နှင့် ၂၈(B)လမ်းထောင့်ရှိ ဆုံစည်းရာ အရက်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ အကြိမ်(၂၁၀)မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့နံနက် ၅ နာရီခွဲက အဆိုပါအသင်းရုံးရှေ့တွင် ကျင်းပရာ လေးပြင်၊လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက အရက်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် လောင်းလှူခဲ့ကြသည်။

အကြိမ်(၂၁၀)မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ကိုထိုက်+မမီးမီး (ရွှေတုံမဏီ စံရိပ်ငြိမ်)မိသားစု၊ (ဖခင်ကြီး)ဦးကိုးအောင်+ (မိခင်ကြီး)ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များမိသားစု၊ ကိုလှိုင်မြင့် (စတီးဆိုင်)မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာ လျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး (သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ (စားသောက်ဆိုင်)မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ကိုခင်မောင်ရီနှင့်ဇနီး မိသားစု၊ ဦးကျော်တင့်+ဒေါ်မြတ်မြတ်သန်း မိသားစု၊ ကိုငွေးညွန့်အောင်အား ရည်စူး၍ မငယ်လေး(ရတနာပုံဈေး)မိသားစု၊ ဦးသိန်းတန်အား ရည်စူး၍ ဒေါ်စန်းရီ(သစ္စာရိပ်မွန်)မိသားစုတို့က မ,တည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၆၅၁၈၄၇၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**

## ညောင်ဦးမြို့နယ်၊ တောင်ရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူရှာကျေးရွာအုပ်စု၊ တောင်ရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်၍ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာသူ၊ကျေးရွာသားများ သိရှိလိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တောင်ရှေ့ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ရှေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၉ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၄၅)**

## အသက်ခြောက်လမှ ငါးနှစ်အရွယ်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးခြင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် အသက်ခြောက်လမှ ငါးနှစ်အရွယ်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးခြင်းကို ယနေ့ နံနက် ၉ နာရီမှစ၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါကာကွယ်ဆေးတိုက်ကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အသက်ခြောက်လပြည့်ပြီးမှ တစ်နှစ်အောက်ကလေး vitamin A 1L ၊ ကလေးအသက်တစ်နှစ်မှ ငါးနှစ်အောက် vitamin A 2L ၊ အသက် နှစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများကို သန်ချဆေးတိုက်ကျွေးခြင်း၊ အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးများအား အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်းနှင့် လက်မောင်းလုံးပတ်တိုင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက် ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

### မိုးရွာသွန်းနိုင်မှု အခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

### အမြင့်ဆုံးအပူချိန် အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

### အနိမ့်ဆုံးအပူချိန် အခြေအနေ

ချင်းပြည်နယ်တွင် ၃၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၇ ဒီဂရီဖာရင်ဟိုက်မှ ၅၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၉ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

### လေထုစိုထိုင်းဆ အခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၆ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆၆ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပါသည်။

### ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၁ မီလီမီတာမှ ၄၁ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေး မိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားသည်။

**ရွှေမန်း**



# ဟင်နရီဘုရင်၏ ထိမ်းမြားမင်္ဂလာ ရွှေဆွဲသီးတစ်လုံးအတွက် ဗြိတိန်ပြတိုက် ပေါင် ၃ ဒသမ ၅ သန်းအောင်မြင်စွာ ရန်ပုံငွေရှာဖွေနိုင်



**လန်ဒန် ဖေဖော်ဝါရီ ၁၀**

ဗြိတိန်ပြတိုက်သည် ဆဋ္ဌမမြောက် ဟင်နရီဘုရင်နှင့် ပထမမြောက် ကြင်ရာတော် ကက်သရင်းတို့၏ ထိမ်းမြားမင်္ဂလာနှင့် ဆက်နွယ်နေသည့် ရွှေဆွဲသီး တစ်လုံးကို ဝယ်ယူထိန်းသိမ်းထားနိုင်ရန်အတွက် ပေါင် ၃ ဒသမ ၅ သန်းကို အောင်မြင်စွာ ရန်ပုံငွေ ရှာဖွေနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း ဝါဝစ် ရှိုင်းယားရှိ လယ်ကွင်းတစ်ခု၌ သတ္တုရှာဖွေစက်ဖြင့် ရှာဖွေသူ တစ်ဦးက တွေ့ရှိခဲ့သည့် "ကျူဒါး နှလုံးသား"အမည်ရှိ အဆိုပါ ရွှေဆွဲသီးကို အမြဲတမ်းပိုင်ဆိုင်နိုင်ရန် လန်ဒန်မြို့လယ်ရှိ အဆိုပါ ပြတိုက်သည် ပြီးခဲ့သည့် အောက်တိုဘာလမှစတင်၍ ရန်ပုံငွေ အလှူခံမှုကို စတင်ခဲ့ခြင်းဖြစ်သည်။

အများပြည်သူထံမှ အလှူငွေ ပေါင် ၃၆၀,၀၀၀ အပြင် ထောက်ပံ့ကြေးပေးအပ်သည့် အဖွဲ့အစည်းများ၊ ယုံကြည်မှုရန်ပုံငွေအဖွဲ့များနှင့် အနုပညာဆိုင်ရာအဖွဲ့အစည်းများထံမှ အလှူငွေများ ရရှိခဲ့ပြီးနောက် သတ်မှတ်ထားသည့် ရန်ပုံငွေ ပန်းတိုင်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း ယခုအခါ ထုတ်ပြန်ကြေညာခဲ့သည်။

ဤရန်ပုံငွေရှာဖွေမှု အောင်မြင်ခြင်းသည် သမိုင်းကြောင်း၏ စိတ်ကူးစိတ်သန်းများကို နှိုးဆွနိုင်စွမ်းရှိပုံကို ပြသနေပြီး "ကျူဒါး နှလုံးသား" ကဲ့သို့သော အဖိုးတန် ပစ္စည်းများကို ပြတိုက်တစ်ခုတွင် အဘယ်ကြောင့် ထိန်းသိမ်းထားသင့်ကြောင်းကိုလည်း သက်သေပြလိုက်ခြင်းဖြစ်သည်ဟု ပြတိုက် ညွှန်ကြားရေးမှူး နီကိုးလပ်စ် ကူလီနန်က ရှင်းလင်းပြောကြားကြောင်း သိရသည်။

*Mon*

*0-0-0-0-0*



# ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ထုတ်လုပ်နိုင်သည့် စွန်ကို အတွင်းမွန်ဂိုလီးယားဒေသတွင် စမ်းသပ်အောင်မြင်

**ပေကျင်း ဖေဖော်ဝါရီ ၁၀**

တရုတ်စွမ်းအင် အင်ဂျင်နီယာ ကော်ပိုရေးရှင်းက ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ထုတ်လုပ်နိုင်သည့် စွန်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စတုရန်းပေ ၅၃,၀၀၀ ကျော် ရှိသော အဆိုပါစွန်သည် အမြင့်ပိုင်း လေထုမှ လေစွမ်းအင်ကို အဓိက ထားသည့် တရုတ်နိုင်ငံ၏ ပထမဆုံးသော အမျိုးသားစီမံကိန်း လည်းဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ထုတ်စွန်၏ ပထမဆုံး အသုံးပြုမှု စမ်းသပ်ချက်နှင့် အချက်အလက် စုဆောင်းမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ ၎င်းသည် စွန်တပ်ဆင်ခြင်းဆိုင်ရာ ဒီဇိုင်းများအတွက် သိပ္ပံနည်းကျ အခြေခံ အချက်အလက်များကို ပေးနိုင်မည်ဖြစ်သည့်အပြင် စက်ကိရိယာ အပြည့်အစုံ အသုံးပြုနိုင်ရေးနှင့် စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေးအတွက် အခြေခံအုတ်မြစ် ဖြစ်လာမည်ဖြစ်သည်ဟု စမ်းသပ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး ကောင်းလွန်က ပြောကြားခဲ့သည်။

လေထဲသို့ ပျံတက်နိုင်ရန်အတွက် တရုတ်နိုင်ငံ၊ အတွင်းမွန်ဂိုလီးယားဒေသတွင် ဟီလီယံမိုးပျံ ပူဖောင်းကို အသုံးပြု၍ အဆိုပါ စွန်အား မြေပြင်အထက် ပေ ၁,၀၀၀ ခန့်အထိ မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် စွန်မှာ ပြန့်ကားသွားပြီး မြေပြင်ရှိ ဂျင်နရေတာနှင့် ချိတ်ဆက်ထားသော ဆွဲကြိုးများကို ဆွဲယူကာ လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားသို့ ပြောင်းလဲပေးခဲ့သည်။

အမြင့်ပိုင်းလေထုတွင် လေတိုက်နှုန်းမှာ အစဉ်အမြဲ အားကောင်းသောကြောင့် ယခုကဲ့သို့ အမြင့်ပိုင်းစနစ်များမှာ အလားအလာကောင်းမွန်သော နည်းလမ်းများဖြစ်သည်ဟု စွမ်းအင်ကျွမ်းကျင်သူများက ယူဆထားကြောင်း သိရ သည်။

*Mon*

# ဆောင်းရာသီ အိုလံပစ်အားကစားပွဲ နှောင့်ယှက်ဖျက်ဆီးမှုများ အီတလီဝန်ကြီးချုပ် ဂျော်ဂျီယာမီလိုနီက ပြစ်တင်ရှုတ်ချ

**ရောမ ဖေဖော်ဝါရီ ၁၀**

မြောက်ပိုင်း လောင်ဘာဒီဒေသနှင့် ပတ်ဝန်းကျင်တွင် ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် မီလန်-ကော်တီးနား ဆောင်းရာသီ အိုလံပစ် အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနေမှုကို ပျက်စီးစေရန် ရည်ရွယ်သည့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် "ရာဇဝတ်ဂိုဏ်းများ"နှင့် "အီတလီ၏ ရန်သူများ"တွင် တာဝန်ရှိသည်ဟု အီတလီဝန်ကြီးချုပ်ဂျော်ဂျီယာမီလိုနီက ပြစ်တင်ရှုတ်ချလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



အားကစားပြိုင်ပွဲ ကျင်းပရာနေရာများသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများ အသုံးပြုသော ရထားလမ်းများကို ပိတ်ရက်အတွင်း တိုက်ခိုက်ခဲ့သည့် ဖျက်ဆီးသူများသည် အီတလီနိုင်ငံ၏ ပုံရိပ်ကို ထိခိုက်စေရန် ရည်ရွယ်ပုံရသည်ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ စတင်ပြီးနောက် ရဲတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည့် ဆန္ဒပြသူများကိုလည်း ၎င်းက ဝေဖန်ခဲ့သည်။

အိုလံပစ်ပြိုင်ပွဲတွင် အရာအားလုံး အဆင်ပြေချောမွေ့စေရန်အတွက် အီတလီနိုင်ငံသား ထောင်ပေါင်းများစွာသည် ယခုအချိန်တွင် ကြိုးပမ်းဆောင်ရွက်နေကြပြီး ၎င်းတို့သည် မိမိတို့နိုင်ငံကို ကမ္ဘာက အထင်ကြီး လေးစားစေချင်ကြသည်ဟု မီလိုနီက လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။

အိုလံပစ်ကို ဆန့်ကျင်ကန့်ကွက်နေသည့် အီတလီနိုင်ငံသားများနှင့် အီတလီ၏ ရန်သူများ၏ ပုံရိပ်များသည် ကမ္ဘာတစ်ဝန်းရှိ ရုပ်သံလိုင်းများတွင် ဖော်ပြခြင်းခံရလိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

*Mon*

# တရုတ်နိုင်ငံလုပ် နှင်းကျားသစ် အမျိုးအစား ( ၆ x ၆ ) ဘီးတပ်ယာဉ် အန္တာတိကတိုက်အတွင်းပိုင်း၌ အောင်မြင်စွာ စမ်းသပ်မောင်းနှင်



**ပေကျင်း ဖေဖော်ဝါရီ ၁၀**

တရုတ်နိုင်ငံက ကိုယ်တိုင်ထုတ်လုပ်ထားသည့် နှင်းကျားသစ် အမျိုးအစား (၆ x ၆) ဘီးတပ်ယာဉ်သည် အန္တာတိကတိုက်အတွင်းပိုင်းရှိ အလွန်အမင်း ပြင်းထန်သော ပတ်ဝန်းကျင် အခြေအနေများတွင် စမ်းသပ်မောင်းနှင်မှုကို မကြာသေးမီက အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး ကီလိုမီတာ ၁၀,၀၀၀ ကျော် ခရီးနှင်မှုအတွင်း တစ်စုံတစ်ရာ ချို့ယွင်းမှုမရှိခဲ့ဟု တရုတ်နိုင်ငံ၏ (၄၂)ကြိမ်မြောက် အန္တာတိကတိုက် လေ့လာရေးအဖွဲ့က အတည်ပြုကြောင်း စီအင်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အနီရောင် အန္တာတိကတိုက်သုံးယာဉ်ကို ယမန်နှစ် ဒီဇင်ဘာ ၅ ရက်နေ့မှ ယခုနှစ် ဖေဖော်ဝါရီလအစောပိုင်းအထိ တရုတ် နိုင်ငံ၏ ကျုံးရှန်းသုတေသနစခန်းနှင့် အန္တာတိကတိုက် အတွင်းပိုင်းရှိ ပုံမှန်မြေမျက်နှာသွင်ပြင် ငါးမျိုးဖြစ်သော ပင်လယ်ရေခဲပြင်၊ ကျောက်စရစ်ခဲမြေပြင်၊ နူးညံ့သော နှင်းထု၊ မာကျောသောနှင်းထုနှင့် ခဲနေသော ရေခဲပြင်များတွင် ဆက်တိုက် စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

ထိုယာဉ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခြင်းသည် အန္တာတိကတိုက်အတွင်း လူသားများ လျှင်မြန်စွာ သွားလာနိုင်ရေး၊ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ရေးနှင့် အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ စက်ကိရိယာစွမ်းဆောင်ရည်ပိုင်းတွင် လိုအပ်နေသော အရေးကြီးသည့် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့က ဆိုသည်။

တရုတ်နိုင်ငံ၏ အန္တာတိကတိုက်အတွင်းပိုင်း လေ့လာရေးခရီးစဉ်များတွင် ပြည်ပမှ တင်သွင်းထားသော သံခြေလမ်းတပ်ယာဉ်များကိုသာ အချိန်ကြာမြင့်စွာ အဓိကအားထားခဲ့ရပြီး ထိုယာဉ်များသည် မောင်းနှင်မှုနှေးကွေးခြင်း၊ လောင်စာဆီစားသုံးမှုမြင့်မားခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုစရိတ် ပိုမိုများပြားခြင်းတို့ ရှိနေကြောင်း သိရသည်။

*Mon*

*0-0-0-0-0*




# ဖရန်ရှူးဆိုသူမွေးထားသော အီဘူဘာယ်ရွှန် အမည်ရှိ မြွေကြီး လက်ရှိ ကမ္ဘာ့အကြီးဆုံးစပါးအုံးမြွေတစ်ကောင် ဖြစ်နိုင်

**ဂျကာတာ ဖေဖော်ဝါရီ ၁၀**

အင်ဒိုနီးရှားဘာသာစကားဖြင့် ဘယ်ရွှန်နက်စ်မျိုးနွယ် ဟု အဓိပ္ပာယ်ရသည့် အီဘူဘာယ်ရွှန် အမည်ရှိ မြွေကြီးသည်လက်ရှိ ကမ္ဘာ့ အကြီးဆုံးစပါးအုံးမြွေတစ်ကောင်ဖြစ်နိုင်ကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။



မိမိအနေဖြင့် ဤမျှ ကြီးမားသော မြွေမျိုးကို တစ်ခါမျှ မတွေ့ဖူးခဲ့ကြောင်းနှင့် ထိုမြွေကြီးသည် နွားပေါက်တစ်ကောင်ကို မဆိုထားနှင့် အရွယ်ရောက်ပြီးသော နွားကြီးတစ်ကောင်ကိုပင် အလွယ်တကူ မျိုချနိုင်မည်ဟု ဖရန်ရှူးက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဆယ်စုနှစ်နှစ်ခုကြာ နေထိုင်ခဲ့သည့် စူးစမ်းလေ့လာရေးသမားနှင့် သဘာဝသမိုင်းဆိုင်ရာ ဓာတ်ပုံဆရာ ဖရန်ရှူးသည် ကြီးမားသော မြွေများနှင့် မကြာခဏ ကြုံတွေ့ဖူးသူ ဖြစ်သည်။

လက်ရှိ၎င်းမွေးထားသော အီဘူဘာယ်ရွှန် မြွေကြီးမှာမူ ကမ္ဘာ့အကြီးဆုံးမြွေကြီးအဖြစ် ထိုက်တန်ကြောင်း သိရသည်။ *Mon*

## စာအုပ်စင်ကလျာ

စာအုပ်အမည် - တီထွင်တွေး
စာရေးသူ - မြတ်ငြိမ်း
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၁၂၀၀၀ ကျပ်
စာမျက်နှာ - ၃၄၅ မျက်နှာ
ထုတ်ဝေသည့် ကာလ - ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(စတုတ္ထအကြိမ်)

၂၀၀၈ ခုနှစ်တွင် Future Publishing House ၏ ဒုတိယအကြိမ်မူအတိုင်း ပြန်လည် ရိုက်နှိပ်ထုတ်ဝေသည်။ အပိုင်း(၄)ပိုင်းခွဲ၍ ရေးသားထားသည်။ အပိုင်း(၁)တွင် 'သင့်စိတ်ကူး၏ အခြေခံအုတ်မြစ်ကို ပြင်ဆင်ဖွဲ့စည်းခြင်း'၊ အပိုင်း(၂)တွင် 'စိတ်ကူးများ ထုတ်ခြင်းနှင့် အသုံးတည့်အောင် စီရင်ခြင်း'၊ အပိုင်း(၃)တွင် 'စိတ်ကူးခြင်းနှင့် အကောင်အထည်ဖော်ခြင်းကြားရှိ အတားအဆီးများကို ကျော်လွှားခြင်း'၊ အပိုင်း(၄)တွင် 'အောင်မြင်ဖြစ်ထွန်းမှုများနောက်သို့ ရေဆုံးရေဖျားလိုက်ခြင်း'တို့ပါရှိသည်။

စိတ်ကူးခြင်းသည် တီထွင်ခြင်း၏ အစဖြစ်သည်။ သင်ဆန္ဒရှိရာကို သင်စိတ်ကူး၏။ (စိတ်ကူးကမ္ဘာထဲတွင်)သင်စိတ်ကူးသည့်အတိုင်း သင်ဖြစ်နေလိမ့်မည်။ နောက်ဆုံး၌ သင်ဖြစ်လာမည့် အနေအထားကို သင်တီထွင်၏။'

**ဂျော့ဘားနတ်ရှော**

စိတ်ကူးတီထွင်ကြံဆလိုသူတိုင်း ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




## ဖော်ညွှန်းသီ

စာအုပ်အမည် - ငှက်ညိုကလေး၏ နားခိုရာနှင့် အခြားပုံပြင်များ
စာရေးသူ - မောင်ခေတ်ထွန်း
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၆၀၀၀ ကျပ်
စာမျက်နှာ - ၁၆၄ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (ဒုတိယအကြိမ်)

၂၀၁၇ ခုနှစ်တွင် စိတ်ကူးချိုချိုစာပေမှ ပထမအကြိမ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ပုံပြင် ၁၉ ပုဒ် စုစည်းထားပြီး ကံကောင်းသော သိုးထိန်းသမားလေး၊ မင်းသားကလေးနှင့် သူ့အမှုတော်ထမ်း၊ ကျူရိုးအကျီဝတ်ဆင်ရသော မင်းသမီးကလေးနှင့် ရွှေဖိနပ်ကလေး၊ မိန်းမပျိုကလေး ရိုရိုပစ်နှင့် ရွှေရောင်ဖိနပ်ကလေး၊ လရောင်မင်းသမီးကလေး၊ တာရိုနှင့် သူ့ဘွားဘွားဉာဏ်ကြီးရှင်၊ ရေသူမလေး၊ ထူးဆန်းသော မြေအိုးနှင့် ကျောက်မျက်နှစ်လုံး၊ မုန့်ဖုတ်သမား၏ ထူးဆန်းသည့် ပေါင်မုန့်၊ အီရင်သူရဲကောင်းနှင့် မင်းသမီးကလေး ဖင်နီလာ၊ ငှက်ညိုကလေး၏နားခိုရာ၊ အသက်ဝင်လာတဲ့ အရုပ်ကလေးတစ်ရုပ်နှင့် လူလေးယောက်၊ ဂနိုင်မီးလျှံပင်၊ ဖယောင်းတိုင်တစ်ရာ ထွန်းလင်းနေသည့် အခန်းနှင့် ညီအစ်မသုံးဖော်၊ ရိုးသားမှု၏ဆုလာဘ်၊ မင်းသမီးလေး၏ ကြင်ရာလောင်းပွဲ၊ ကြက်တူရွေးကလေး၏ကျေးဇူးတရား၊ အဘွားအိုနှင့် ကျားဆိုးကြီး ပုံပြင်တို့ဖြစ်သည်။

ပုံပြင်ကြိုက်နှစ်သက်သော ကျောင်းသားလူငယ်များ ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




## စာဖတ်ခြင်းနှင့် ပြောင်းလဲတိုးတက်လာခြင်း(၂)အကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ခြင်းနှင့် ပြောင်းလဲတိုးတက်လာခြင်း(၂) အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

စာဖတ်ခြင်းနှင့် ပြောင်းလဲတိုးတက်လာခြင်း(၂)အသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်စန်းသီတာဌေးတို့က စာဖတ်ခြင်းနှင့် ပြောင်းလဲတိုးတက်လာခြင်းအကြောင်း၊ မျက်မှောက်ခေတ်ကာလတွင် ကျောင်းသားလူငယ်များ စာဖတ်သည့်အလေ့အကျင့် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပုံ၊ အကျိုးရှိစေမည့်စာဖတ်နည်းများ၊ ဖတ်ရှုသင့်သည့် စာပေအမျိုးအစားများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ(Talk Show)အပြည့်အစုံကို ကျောင်းသားလူငယ်များ စာပေလေ့လာဖတ်ရှုခြင်းနှင့် ပတ်သက်၍ အသိပညာဗဟုသုတ ရရှိစေရန်အတွက် တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နောင်နောင်(ဗိသနိုးမြေ)**




## ပြည်ထောင်စုနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ (Bill Board) ကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက လူစည်ကားသည့် အမှတ်(၃)ရပ်ကွက်ဗလမင်းထင်လမ်းဆုံတွင် စိုက်ထူခဲ့သည်။

အဆိုပါ မြေစိုက်ပိုစတာကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝေဝေနိုင်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သစ်သီးဝလံ ပန်းမန် ပြပွဲ၊ ပြိုင်ပွဲ တို့ဆင်နွှဲ

* ခရမ်း၊ ငရုတ်နဲ့ ဘူးသီးရယ်
မုန်ညင်း၊ ဂေါ်ဖီ စုံလှတယ်
ရှားစောင်းပင်နဲ့ နှင်းဆီအလှ
ရွက်လှပင်က ကြည့်၍မဝ ။

* ရာသီပန်းများ ဝေဝေဆာ
ကြည်နူးပျော်ရွှင်စရာ
သစ်ခွမျိုး ပေါ်များတော့
လှပတင့်တယ် ရှုမဆုံးပေါ့။

* ပြပွဲ၊ ပြိုင်ပွဲ ရည်ရွယ်ချက်တွေ
ပြောပြပါရစေ
မြို့တော်စိမ်းလန်းစိုပြည်ရေး
ပြည်သူပူးပေါင်းပါဝင်ပေး ။

* ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်
မျိုးကောင်းမျိုးသန့် ပြန့်ပွားရန်
အိမ်တိုင်းတစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းမှ
စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ကြ ။

* နိုင်ငံတော်စီးပွားရေးဦးတည်ချက်ကို
အထောက်အကူဖြစ်စေလို
မန္တလေးမြို့တော်အား
ဥယျာဉ်မြို့တော် တည်ဆောက်ထား ။

* ပြည်ထောင်စုနေ့ အထိမ်းအမှတ်ရယ်
(၇၉)နှစ်မြောက်ကွယ်
(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား
မြမာလာဥယျာဉ်မှာ ကျင်းပသွား ။

* ပြိုင်ပွဲအမျိုးအစားအလိုက်ရယ်
ဆုများ ချီးမြှင့်ကြမယ်
လာရောက်လေ့လာပြည်သူများ
ပျိုးပင်လက်ဆောင်ပေးအပ်သွား ။

* ၁၀၁ လမ်း(သိပ္ပံလမ်း) မှာ
အရောက်သာ လာခဲ့ပါ
ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြပွဲ၊ ပြိုင်ပွဲသို့
တို့တစ်တွေ ပါဝင်ဆင်နွှဲစို့ ။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲအား ကြိုဆိုဂုဏ်ပြုပါသည်။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၄)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်ကိုးရင်အမည်ပေါက်ရှိ ဂရန်မြေကွက်၏မြောက်ဘက်ခြမ်း(၂၄ပေ×ပေ ၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော ဒေါ်ကိုးရင်(အဘ)ဦးလောရှင်(၉/မမန(နိုင်)၀၂၀၀၂၇)၊ ဦးစိုင်းတင်ဝင်း(အဘ)ဦးရှောလူ(၉/မမန(နိုင်)၀၁၉၇၇၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/စ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၃)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်အကြင်နာဦး အမည်ပေါက်ရှိ ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်းပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကအမည်ပေါက်ပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အကြင်နာဦး(အဘ)ဦးစိုင်းကျော်ကျော်ဦး(၉/မကန(နိုင်)၁၆၁၁၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/စ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၃)၊ ဦးပိုင်အမှတ်(၇+၈)၊ ဧရိယာ(ပေ၃၀×ပေ၈၀+မြေပိုပေ)အကျယ်အဝန်းရှိ ဦးစောလင်းဘတ်ပိုး အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၁၉၂၉/၂၀၂၅အရ ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဦးဘရန်ရှောင်(ဘ)ဦးလတောင်(၁/မကန(နိုင်)၁၆၁၈၅၂)၊ ဒေါ်ဂျားမွန်းမိုင်(ဘ)ဦးဝင်ပို(၁/မကန(နိုင်)၀၅၈၃၁၂)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/စ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဇ-၂)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၆၉၆)ဧကရှိ ဒေါ်ကြည်ကြည်ထွေး(ခ)ဒေါ်ဟွမ်တွေလန့် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က အမည်ပေါက်ပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်ကြည်ကြည်ထွေး(ခ)ဟွမ်တွေလန့်(ဘ)ဦးဟွမ်ရှိဟိုက်(၁၃/ကခန(နိုင်)၀၀၆၂၀၁)၊ ဦးကျော်မြင့်(ဘ)ဦးဝမ်ရှင်းဟွမ်(၁၃/တယန(နိုင်)၀၁၇၀၂၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/စ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၃)၊ ဦးပိုင်အမှတ်(၃၀+၃၁)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဂရန်စာချုပ်အမှတ်(၂၁၄၈/၂၀၀၇-၂၀၀၈)အရ ဒုတိယဗိုလ်မှူးကြီးကိုကိုကျော် အမည်ပေါက် ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးအောင်ကျော်စိုး(ဘ)ဦးသောင်းညွန့်(၈/မမန(နိုင်)၁၆၄၇၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်နန်းရွှေစင်ငယ် (LL.B)** | **ဒေါ်တွယ်တာဝင်းနိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**"Easy" အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**
**၃၃လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၇၃၈၀၁၉၁**

## အကွက်အမှတ်(ညည-၆၀)၊ ဦးပိုင်အမှတ်(၆၉)မြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးစိပ်နှင့်ကပ်လျက် အလယ်စိပ်(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၀)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးအောင်ထွန်း အမည်ဖြင့်ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ မြေကွက်ချထားပေးခြင်းခံရသူ ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်ပုတို့ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံသားသမီးများဖြစ်ကြသော ၁။ဦးအောင်ငွေ(၉/မရတ(နိုင်)၁၃၁၇၁၇)၊၂။ ကွယ်လွန်သူ ဒေါ်စန်းဝေ၏ခင်ပွန်းဖြစ်သူ ဦးစိန်အောင်(ဘ)ဦးအေးမောင်(၉/မလန(နိုင်)၀၄၃၄၅၉)၊ ၃။ ဒေါ်ခင်ချိုစန်း(၉/ပကခ(နိုင်) ၀၀၆၅၃၉)၊ ၄။ဒေါ်ခင်ချိုအေး(၉/မရတ(နိုင်) ၁၂၈၉၃၈)၊ ၅။ ဦးမြင့်နိုင်(၉/မလန(နိုင်)၀၀၀၁၄၄)ကိုင်ဆောင်သူတို့သည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပြီး ၄င်းမြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးစိပ်နှင့် ကပ်လျက်အလယ်စိပ်(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မေ (LL.B)** | **ဒေါ်ယဉ်ယဉ်ငွေ (LL.B)** |

**တရားလွှတ်တော်ရှေ့နေ**
**၅၇လမ်းနှင့် ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)၊ ဦးပိုင်အမှတ်(၉၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ဦးပိုင်အမှတ်(၉၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိန် အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါ အမည်ပေါက်သူ(ဖခင်)ဦးစိန်နှင့်(မိခင်)ဒေါ်မြရွှေတို့ ကွယ်လွန်သွားသောအခါ အထက်ဖော်ပြပါ မြေကွက်များသည် အမွေဆိုင်မြေကွက်များအဖြစ် ကျန်ရစ်ခဲ့ပါသည်။ အဆိုပါမြေကွက်များနှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ခင်ဌေး(ဘ)ဦးစိန်(၉/ပသက(နိုင်) ၀၁၁၄၆၂)နှင့် ဒေါ်ခင်ဝင်း(ဘ)ဦးစိန်(၉/ခမစ(နိုင်)၀၄၆၃၆၆)ကိုင်ဆောင်သူတို့မသိရှိဘဲ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ် ချုပ်ဆိုခြင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်းများနှင့် ဂရန်အမည်ပြောင်းလျှောက်ထားခြင်း၊ ကိုယ်စားလှယ်စာလွှဲအပ်ခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူများ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **၁။ ဒေါ်ခင်ဌေး(ဘ)ဦးစိန်** | **ဒေါ်ထက်ထက်ဝင်း(LL.B)** |
| **(၉ /ပသက(နိုင်)၀၁၁၄၆၂)** | **တရားလွှတ်တော်ရှေ့နေ** |
| **၂။ ဒေါ်ခင်ဝင်း(ဘ)ဦးစိန်** | **၁၁၈(ဘီ)လမ်း၊ ၄၆လမ်းနှင့်၄၆(အေ)လမ်းကြား၊** |
| **(၉ /ခမစ(နိုင်)၀၄၆၃၆၆)** | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၃၂၁၅၉** |

## အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်အမှတ်(၂၈-ခ)၊ ဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၀ပေ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်အမှတ်(၂၈-ခ)၊ ဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဘိုးကြွေ အမည်ဖြင့် ချထားပေးခြင်းခံခဲ့ရသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အနောက်ဘက်ခြမ်း(၁၀ပေ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးနေဝင်းအောင်(ဘ)ဦးထွေး(၉/မရတ(နိုင်)၁၂၆၅၇၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်မေ (LL.B)** | **ဒေါ်ယဉ်ယဉ်ငွေ (LL.B)** |

**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်းနှင့် ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၆)တွင်တည်ရှိသော ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ ဧက(၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ တစ်ထပ် အဆောက်အအုံ၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်နန်းလှလှဝင်း(၁၃/တကန(နိုင်)၁၄၀၄၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇ ၊ ၀၉-၇၉၂၀၇၀၀၀၇ ၊၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်နေ ဒေါ်နွဲ့နွဲ့ဝင်း(၉/မနမ(နိုင်)၀၃၁၆၈၈)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(၄၉၈-က)၊ ဦးပိုင်အမှတ်(၄)၊ မြေဧရိယာ(၀ ဒသမ ၀၂၇)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အအုံ၊ ရေ+မီး အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ (အဘ)ဦးစောအိခိုင်၏ သမီးဖြစ်သူ ဒေါ်ထိုက်ထိုက်(၉/ခအဇ(နိုင်)၀၁၁၉၃၇) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွဲ့နွဲ့ဝင်းက လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူစာဆွေး (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိမ့်ရတီမိုး (LL.B)** | **ဒေါ်ခင်ခင်မျိုးရွှေ (LL.B)**
**(အထက်တန်းရှေ့နေများ)**
**၂၇လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**Email;tzshwe41@gmail.com ၊ ဖုန်း ၀၉-၄၀၂၆၆၃၃၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၄)၊ ဦးပိုင်နံပါတ်(၁၂-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ・၀၁၅၅)ဧကအကျယ်အဝန်းရှိ ဦးကျော်ဝင်းရွှေ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးသီတာနိုင်(ဘ)ဦးကိုကိုနိုင်(၈/ပခက(နိုင်)၂၅၈၈၂၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B , LL.M , D.B.L)** | **ဒေါ်မာမာဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၄)၊ ဦးပိုင်နံပါတ်(၁၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ・၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးညွန့်ဝေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ပိုင်းပေ(၃၀× ၄၀)ထဲမှ မြောက်ဘက်ခြမ်း(၁၅ ပေ× ပေ ၄၀)အကျယ်အဝန်းရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်စန္ဒာဦး(ဘ)ဦးတင်အောင်ဝင်း(၉/မရမ(နိုင်)၀၀၄၁၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B , LL.M , D.B.L)** | **ဒေါ်မာမာဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၃)၊ ဦးပိုင်နံပါတ်(၆၆)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×ပေ)အကျယ်အဝန်းရှိ ဦးနေမျိုးလင်းနှင့် ဦးသိန်းအေးတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အရှေ့ဘက်ခြမ်း ပေ(၁၅×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ခြူးမင်းကျော်(ဘ)ဦးကျော်မိုး(၉/အမဇ(နိုင်)၀၀၀၅၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B)** **အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B)** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၆)၊ ဦးပိုင်နံပါတ်(၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးပေါက်စီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စိမ်းမို့မို့(ဘ)ဦးကြည်လှုံ(၉/နထက(နိုင်)၁၄၂၂၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** **တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ (LL.M)** **အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် (LL.B)** **အထက်တန်းရှေ့နေ** | **ဒေါ်သဲမို့မို့ထွန်း (LL.B)** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၆)၊ ဦးပိုင်နံပါတ်(၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးပေါက်စီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းဌေး(ဘ)ဦးအောင်ဆန်း(၅/ဆလက(နိုင်)၀၇၁၃၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** **တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ (LL.M)** **အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် (LL.B)** **အထက်တန်းရှေ့နေ** | **ဒေါ်သဲမို့မို့ထွန်း (LL.B)** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၃၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးသိန်းဌေးနှင့် ဦးသိန်းစိုးဝင်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း ပေ(၁၅×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးမြမြစိုး(ဘ)ဦးသောင်းရွှေ(၅/တဆန(နိုင်)၁၁၉၇၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး (LL.B)** **အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် (LL.B)** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၉လမ်းနှင့် လမ်း၂၀ကြားတွင် နေထိုင်သူ ဦးထွန်းဝင်းထွန်း(၉/မထလ(နိုင်)၁၇၉၇၂၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်နေ ဦးထွန်းဝင်းထွန်း၏သား - မောင်မုတ်သုန်(၉/အမဇ(နိုင်)၀၈၈၈၀၅)သည် (ဖခင်)ဦးထွန်းဝင်းထွန်းအား အကြိမ်ကြိမ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ– ဦးဖြိုးကိုကို (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၁၉လမ်းနှင့် လမ်း၂၀ကြား၊ ၆၃(အေ)လမ်း၊ အနိပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၄၈၃၈၈**

❖ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပလျက်ရှိသည့် နေပြည်တော်ရင်ပြင် ကွပ်ကဲရေးရုံး၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က MSME များ ထုတ်လုပ်မှုလုပ်ငန်း စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသောမြေနေရာရရှိရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် စိုက်နည်းစနစ်များ မှန်ကန်မှသာ အထွက်နှုန်းတိုးတက်မည်ဖြစ်၍ နည်းပညာများကိုလည်း မျှဝေဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများအား ပြည်ပမှတင်သွင်းရမှုကို လျှော့ချနိုင်ရန်အတွက် သုတေသနပြုလုပ်ခြင်း၊ စမ်းသပ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ရရှိလာသည့် နည်းပညာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယခုပြပွဲတွင် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီးဖြစ်၍ အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက စပါးများစိုက်ပျိုးရာတွင် ကြဲပက်သည့်စနစ်နှင့် အစေ့ချ စိုက်ပျိုးသည့်စနစ်တို့သည် အထွက်နှုန်းတူညီမှုမရှိပါကြောင်း၊ ထို့ကြောင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် အစေ့ချစိုက်ပျိုးသည့်စနစ်၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပေါင်းနုတ်ပေါင်းရှင်း စက်ပစ္စည်းကိရိယာများကိုလည်း သုတေသနပြု၍ စမ်းသပ်တီထွင်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် အချိန်မီရိတ်သိမ်းနိုင်ရေးအတွက်ကိုလည်း စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ လက်ဆွဲမျိုးစေ့ချစက်အသုံးပြု၍ စိုက်ပျိုးပါက သတ်မှတ်ထားသည့် ပမာဏအတိုင်း အသုံးပြုနိုင်ရေး ချိန်ညှိဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်မီစိုက်ပျိုးရိတ်သိမ်းနိုင်၍ လေလွင့်မှုမရှိသဖြင့် အထွက်နှုန်းတိုးတက်လာပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ထုတ်ကုန်ပစ္စည်းများ အမြောက်အမြား ထုတ်လုပ်နိုင်ရေးအတွက် အခြေခံဖြစ်သည့် ဒီဇိုင်းပုံစံများကို စနစ်တကျရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်လျှင် အောင်မြင်တိုးတက်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများသည် လက်တွေ့နယ်ပယ်တွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ခြင်း၊ သုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊ ထိုက်သင့်သည့် ကာလတစ်ခုအထိ အသုံးပြုနိုင်ရန် လိုအပ်ခြင်း၊ စက်အရန်ပစ္စည်း လွယ်ကူစွာရရှိရန်လိုအပ်ခြင်း၊ ဈေးနှုန်းသက်သာခြင်း စသည်တို့နှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ယခုကျင်းပသည့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သည် သာမန်ထုတ်ကုန်ပစ္စည်း ပြသရောင်းချခြင်းမဟုတ်ဘဲ နိုင်ငံတော်အကြီးအကဲ၏ ချမှတ်ထားသည့်မူဝါဒကို အကောင်အထည်ဖော်လက်တွေ့ပြသသည့် အမျိုးသားအဆင့်ပြပွဲတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်ထွက်ကုန်များကို အသုံးပြု၍ ထုတ်လုပ်မှုနည်းစဉ်များဖြင့် ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးပြည့်မီသည့် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ပေးရန်လိုအပ်ကြောင်း၊ ပြည်တွင်း၌ လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအား ပြည်တွင်း၌ ထုတ်လုပ်နိုင်လျှင် သွင်းကုန်အစားထိုးနိုင်ခြင်း၊ ထုတ်လုပ်မှုအချိန်တိုတောင်းခြင်း၊ စက်အရန်ပစ္စည်းများ လိုအပ်သည့်အချိန်တွင်ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် လုပ်ငန်းရှင်များအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များက တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်နေမှု၊ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သစ္စာအားမာန်အသင်းကို တစ်ယောက်လျော့အနေအထားနှင့် ယှဉ်ပြိုင်အနိုင်ယူခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ် (week-17) ပြိုင်ပွဲ ပွဲစဉ်တစ်ပွဲဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန် အသင်းတို့၏ ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး၊ တစ်ဂိုးနှင့် သစ္စာအားမာန်အသင်းကို အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို မောင်မောင်လွင်နှင့် အောင်မျိုးခန့်တို့က သွင်းယူပေးခဲ့ပြီး၊ သစ္စာအားမာန်အသင်းအတွက် တစ်လုံးတည်းသောဂိုးကို မင်းမော်ဦးက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက တစ်ယောက်လျော့အနေအထားနှင့် ကစားအားမချဘဲ တိုက်စစ်မြှင့်ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး၊ တစ်ဂိုးနှင့် သစ္စာအားမာန်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ် ၁၇ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ၁၄ ပွဲ နိုင်၊ ၂ ပွဲ သရေ၊ ၁ ပွဲ ရှုံး၊ ရမှတ် ၄၄ မှတ်နှင့် အဆင့် ၁ နေရာတွင် ရပ်တည်နေပြီး လာမည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါ ရှိသည်။

